# ရေခွန်နှင့် တာတမံခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## [ ၁၉၈၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၆ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရေခွန်နှင့် တာတမံခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ရေခွန်နှင့် တာတမံခွန် ဥပဒေပုဒ်မ ၄ ကို အောက်ပါ ပုဒ်မဖြင့် အစားထိုးရမည်—

၄။ မည်သည့်လယ်ယာမြေတွင်မဆို နိုင်ငံတော်က တည်ဆောက် ထိန်းသိမ်းထားသည့် ဆည်မြောင်းလုပ်ငန်းများမှ စိုက်ပျိုးရေး လုပ်ငန်းအတွက် ရေရယူသူ သို့မဟုတ် တာတမံများ၊ ရေနုတ်မြောင်းများဖြင့် ရေဘေးအကာအကွယ်ရယူသူသည် ဘဏ္ဍာရေး နှစ်အလိုက် နှစ်စဉ် အောက်ပါနှုန်းများအတိုင်း အခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည်—

(က) နိုင်ငံတော်က တည်ဆောက် ထိန်းသိမ်းထားသည့် ဆည်မြောင်း ရေသောက်ဒေသများအတွက် တစ်ကေလျှင် တစ်ဆယ်ကျပ်နှုန်း သို့မဟုတ် စီမံကိန်းသီးနှံများအလိုက် ပေးဆောင်ရန် သတ်မှတ်ထားသည့် သီးနှံနှုန်း၊

(ခ) နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသည့် တာတမံ များ၊ ရေနုတ်မြောင်းများဖြင့် ရေဘေး ကာကွယ်ပေး ထားသည့် ဒေသများအတွက် တစ်ကေလျှင် ငါးကျပ်နှုန်း သို့မဟုတ် စီမံကိန်း သီးနှံများအလိုက် ပေးဆောင်ရန် သတ်မှတ်ထားသည့် သီးနှံနှုန်း၊

(ဂ) လယ်ယာမြေ တစ်ရပ်ရပ်သည် ပုဒ်မခွဲ (က) နှင့် (ခ) နှစ်ရပ်လုံးနှင့် အကျုံးဝင်သက်ဆိုင်နေပါက တစ်ကေလျှင် တစ်ဆယ်ကျပ်နှုန်း သို့မဟုတ် စိမ်းကိန်းသီးနှံများ အလိုက် ပေးဆောင်ရန် သတ်မှတ်ထားသည့် သီးနှံနှုန်း။

၃။ ရေခွန်နှင့် တာတမံခွန် ဥပဒေပုဒ်မ ၄ အောက်တွင် အောက်ပါ ပုဒ်မကို ပုဒ်မ ၄-က အဖြစ် ဖြည့်စွက်ရမည်—

၄-က။ ဝန်ကြီးအဖွဲ့သည် ပုဒ်မ ၄ အရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူက အခွန်ကို ငွေဖြင့် ပေးဆောင်ရမည်၊ သို့မဟုတ် စိမ်းကိန်းသီးနှံဖြင့် ပေးဆောင်ရမည်ကို လည်းကောင်း၊ စိမ်းကိန်းသီးနှံဖြင့် ပေး ဆောင် ရမည့် အခွန်နှုန်းထားကိုလည်းကောင်း သတ်မှတ်ပေးရမည်။ ယင်းအခွန်နှုန်းထားကို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တင်ပြ ပြဋ္ဌာန်းမည့် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်း ဖော်ပြရမည်။